
SEX DEBATE
(SEXUAL HEALTH)
ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)
M.B.,B.S, D.A Psychology
Dip.Med. Sc. GP (Family Medicine)
MPA; DAE
2014 GRAPHIC DESIGN | KYAW MINN MOUNG

ပြည်မြန်မာစာအုပ်တိုက် စာအုပ်အမှတ် (၃၇)

# SEX DEBATE

## (Sexual Health)

ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)

M.B.,B.S, D.A Psychology

Dip. Med. Sc. GP (Family Medicine)

MPA; DAE

ပြည်မြန်မာ
စာအုပ်တိုက်

**ပုံနှိပ်ခြင်း**

၂၀၁၅ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ (၅၀၀) အုပ်

**မျက်နှာဖုံးဒီဇိုင်း**

ကျော်မင်းမောင်

**ထုတ်ဝေသူ**

ဦးအောင်မြတ်သူ၊ မြဲ (၀၃၉၇၆)၊ ပြည်မြန်မာစာအုပ်တိုက်
အမှတ် (၁၈၈) ၊ ဒုတိယထပ် (ဝဲ) ၊ ၃၈ လမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးကျော်ဌေးမင်း၊ မြဲ (၀၅၉၉၂)၊ အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ် (၁၃၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ပြည်မြန်မာစာအုပ်တိုက်
အမှတ် (၁၈၈)၊ ဒုတိယထပ် (ဝဲ)၊ ၃၈လမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၉၀၉၅၊ ၀၉-၇၃၀၂၀၈၂၈၊ ၀၉-၇၃၁၄၃၀၄၁။

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) ၈၀၈ ·၈

Sex Debate / ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)။
-ရန်ကုန်။ မိဘမေတ္တာစာပေ။ ၂၀၁၅။
၂၃၅-စာ၊ ၁၃·၅ × ၂၁ စင်တီ။
(၁) Sex Debate

**တန်ဖိုး** – ၂၅၀၀ ကျပ်

ပြည့်မြန်မာ
စာအုပ်တိုက်

အမှတ်(၁၈၈)၊ ဒု(ဝဲ)၊၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၉၀၉၅၊ ၀၉-၇၃၀၂၀၈၂၈၊ ၀၉-၇၃၁၄၃၀၄၁။

## မာတိကာ


| | | |
|---|---|---|
| • | စာရေးသူ၏ အမှာစာ | ၇ |
| ၁။ | Sex Debate | ၉ |
| ၂။ | လိင်အင်္ဂါထိပ်အရေပြား ဖြတ်တောက်ခြင်း | ၁၂ |
| ၃။ | လိင်ဆိုင်ရာကျန်းမာရေးပညာပေး လို မလို | ၁၇ |
| ၄။ | သုတ်လွှတ်မြန်ခြင်း | ၂၁ |
| ၅။ | အင်္ဂါအရွယ်အစား | ၂၄ |
| ၆။ | အရက်နှင့် ဆန္ဒဖြစ်ပေါ်မှု | ၂၇ |
| ၇။ | ဆန္ဒပြီးမြောက်မှုနှင့် ကိုယ်ဝန် | ၃၀ |
| ၈။ | မီးယပ်သွေးပေါ်စဉ် ဆက်ဆံခြင်း | ၃၃ |
| ၉။ | သားသမီးမရနိုင်တာ ဘာကြောင့်လဲ | ၃၆ |
| ၁၀။ | လက်ထပ်ခြင်းနှင့် ကျန်းမာရေး | ၄၁ |
| ၁၁။ | ကွန်ဒုံးသုံးခြင်း | ၄၄ |
| ၁၂။ | သားကြောဖြတ်ခြင်း | ၄၇ |
| ၁၃။ | လိင်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် အစားအစာများ | ၅၀ |
| ၁၄။ | ထူးခြားသည့်အပြုအမူ | ၅၆ |
| ၁၅။ | စိတ်ဖြေဖျောက်မှုနှင့် ကျန်းမာရေး | ၆၂ |
| ၁၆။ | အမျိုးသမီးများ၏ လိင်ဆက်ဆံမှုပြဿနာများ | ၆၇ |

၁၇။ ဖြစ်ပွားမှုနည်းသော ပြဿနာများ ၇၆
၁၈။ အမျိုးသမီးများအတွက် လိင်ပိုင်းဆိုင်ရာကျန်းမာရေး ၈၁
၁၉။ သားမွေးလမ်းကြောင်း၌ ထည့်သည့်ကွင်း (Vaginal Ring) ၈၆
၂၀။ ကွန်ဒုံး (Condom) ၈၉
၂၁။ ဆန္ဒလျော့နည်းသည့် လက္ခဏာစု ၉၃
၂၂။ ချစ်မေတ္တာများ ရှင်သန်စေ ၉၈
၂၃။ အန္တရာယ်ကင်းသော (လုံခြုံစိတ်ချရသော) လိင်ဆက်ဆံမှု ၁၀၉
၂၄။ သန္ဓေတားမည်ဆိုလျှင် ၁၁၄
၂၅။ သန္ဓေတားမည်လား ၁၁၉
၂၆။ အမျိုးသမီးများအတွက် လိင်ဆက်ဆံမှုဆိုင်ရာ ပြဿနာများ ၁၂၂
၂၇။ အမျိုးသမီးပြဿနာများ နာကျင်မှုဝေဒနာ ၁၃၂
၂၈။ သားမွေးလမ်းကြောင်း ကျုံ့ညှစ်ခြင်း ၁၃၆
၂၉။ အမျိုးသားပြဿနာများ ၁၃၉
၃၀။ ကိုယ်ဝန်ဆောင်စဉ် ဆက်ဆံပါက အန္တရာယ်ရှိနိုင်ပါသလား ၁၄၆
၃၁။ ဂျီ သိသလား၊ အေ သိသလား ၁၅၀
၃၂။ နာတာရှည်ရောဂါတချို့နှင့် လိင်ဆက်ဆံမှု ၁၅၉
၃၃။ လိင်ဆက်ဆံမှုနှင့် ဆေးဝါးများ ၁၇၇
၃၄။ စိတ်ကျန်းမာရေးနှင့် လိင်ဆက်ဆံမှု ၁၈၄
၃၅။ ဖြတ်မလား အရေပြား ၁၉၀
၃၆။ အမျိုးသမီးများ၏ လျှို့ဝှက်ချက်များ ၁၉၄
၃၇။ အမေး အဖြေ ၁၉၉
၃၈။ မကြာခဏမေးလေ့ရှိသော မေးခွန်းများ ၂၀၂
၃၉။ တဲမ်ပေါ်သုံးလျှင် ၂၁၉
၄၀။ ပန်းသေ ပန်းညှိုး ပန်းမလန်းခြင်းနှင့်ပတ်သက်သော အထင်နှင့်အမြင် (အယူအဆများ) ၂၂၂
၄၁။ အရက်နှင့် လိင်ဆက်ဆံမှု ၂၂၄
၄၂။ အို ပုံပြင် ၂၂၇
၄၃။ သင်တို့ ဘယ်လိုဆက်ဆံသင့်ပါသလဲ ၂၃၁

မြသီမြန်မာ တာအုပ်တိုက်

# စာရေးသူ၏ အမှာ

လူတို့တွင် ရုမြင်သုံးသပ်ပုံချင်း တစ်ဦးနှင့်တစ်ဦး မတူကြပေ။ လိင်ပိုင်းဆိုင်ရာကိစ္စရပ်များ၌လည်း အလားတူပင် မတူညီသောအမြင်များ ရှိကြသည်။ သာမန်လူတို့တွင်သာမက ဆေးပညာရှင်များကြားမှာပင် အမြင်များ၊ သုံးသပ်မှုများနှင့် အယူအဆများ ကွဲပြားလျက်ရှိသည်။

အမျိုးသားလိင်အင်္ဂါထိပ်အရေပြား ဖြတ်တောက်ခြင်း၊ ဆန္ဒဖြေ ဖျောက်ခြင်း၊ အမျိုးသမီးများ၏ သားမြတ်အရွယ်အစား၊ အမျိုးသားတို့၏ အင်္ဂါအရွယ်အစား၊ အရက်သောက်ခြင်းနှင့် ဆက်ဆံမှုစွမ်းရည် စသည်ဖြင့် အကြောင်းချင်းရာများစွာတွင် အငြင်းပွားမှုများ ရှိသည်။

အမှားကို အမှန်ထင်၍ လုပ်ဆောင်မိလျှင် အန္တရာယ်ရှိနိုင်သည်။ အမှန်ကို အမှားထင်နေပြန်လျှင်လည်း မလိုအပ်ဘဲ ရောင်လွဲနေမှုများ ရှိနိုင်ပြန်သည်။ လိင်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ဗဟုသုတမှန်များ၊ အယူအဆ အမှန်များကို သိရှိမှသာလျှင် လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းသော လိင်ဆက်ဆံမှုကို ရယူပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

ဥပမာတစ်ခု တင်ပြလိုပါသည်။ အမျိုးသားများသည် မိမိတို့၏ ဇနီးမယား (ဆက်ဆံဖော်) ကျေနပ်စေရန် အင်္ဂါကြီးထွားဆေးများ ထိုးကြသဖြင့် ခွဲစိတ်ကုသရခြင်းမှ အင်္ဂါအစိတ်အပိုင်း ဖြတ်တောက်ပစ်ရခြင်းမျိုး အထိ ကြုံတွေ့ရနိုင်သည်ကို သတိပြုကြစေလိုသည်။ အဆိုပါအယူအဆမှာ ဆေးပညာသဘောအရသာမက လိင်ဆက်ဆံမှုအတွက် လုံးဝမှားယွင်းနေကြောင်း လူငယ်များ မသိကြသဖြင့် ယနေ့တိုင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရသည်။

ဤစာအုပ်တွင် အငြင်းပွားဖွယ်ရာ လိင်ပိုင်းဆိုင်ရာ အယူအဆများကို ဖော်ပြပေးထားပါသည်။ အမှားကို ပြင်ဆင်၍ အမှန်ကို မြင်နိုင်ကြမည်ဟု မျှော်လင့်မိပါသည်။

လိုအင်ဆန္ဒ ပြည့်ဝနိုင်ကြပါစေ။
ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)

## Sex Debate

လူငယ်အများအပြားသိချင်နေသော အကြောင်းအရာတစ်ခု ဖြစ်ပါလိမ့်မည်။ အထူးသဖြင့် အမျိုးသားငယ်များက ပို၍သိချင်ကြပါလိမ့်မည်။

အမျိုးသားတစ်ဦးဖြစ်သော ကျွန်တော်က "အမျိုးသားတွေ မတရားဘူး" ဟုဆိုလျှင် ဝေဖန်ကြမည်လား မဆိုနိုင်။ အရင်ဆွေးနွေးပါရစေ။ ပြီးမှ ဝေဖန်ပေးပါ။ အမျိုးသားတစ်ဦးသည် မိမိလက်ထပ်လိုက်သော အမျိုးသမီးမှာ အပျိုစင်စစ် ဖြစ်စေချင်ကြသည်။ တချို့လူငယ်လေးများက အိမ်ထောင်ကျပြီး နောက်နေ့တွင် "ငါ့ဇနီးက အပျိုစစ်စစ်ကွ" ဟု ဂုဏ်ယူဟစ်ကြွေးတတ်ကြသည်။ ဤသည်မှာ ယခုမှမဟုတ်။ ရှေးရှေးကတည်းက ဖြစ်သည်။

ကျွန်တော် ငယ်ငယ်က ပုဂံရာဇဝင်နောက်ခံဝတ္ထုတချို့ ဖတ်ဖူးသည်။ စာရေးဆရာကြီး နန္ဒသူ ရေးသော ဝတ္ထုဖြစ်သည်။ အရည်းကြီးဝါဒကို မယုံကြည်သော သူရဲကောင်းတစ်ဦးက အရည်းကြီးဂိုဏ်းသို့ ပူးဝင်ပြီး ဒုတိယဆင့်ပုဂ္ဂိုလ်နေရာထိ ရယူခဲ့သည်။ သူ့ထံ ပန်းဦးလွှတ်သော အမျိုးသမီးများကို အရက်မူးအောင်တိုက်ပြီး တစ်စုံတစ်ရာ ထိတွေ့မှုပင် မပြုဘဲ နောက်နေ့မနက်တွင် ပြန်လွှတ်ပေးခဲ့သည်။ သို့သော် အများအမြင်တွင် ပန်းဦးယူခဲ့သည် ထင်စေရန် ခိုတစ်ကောင်၏သွေးကို အိပ်ရာခင်း၌ စွန်းထင်းစေ၍ ပြန်အပ်ခဲ့သည်။

နိဒါန်းကို ပြန်ကောက်ပါမည်။ "အမျိုးသားတွေ မတရားသည့် ကိစ္စ ဖြစ်သည်။ မိမိကိုယ်တိုင် လူပျိုစစ်ပါရဲ့လားဟု အရင်ဆန်းစစ် မေးမြန်းကြည့်သင့်သည်။ တချို့အမျိုးသမီးမှာ အပျိုစစ်စစ် ရေမရောပါဘဲ လျက် အမျိုးသားတချို့၏ သံသယဖြစ်မှု ခံရသည်။ အခြားကြောင့်မဟုတ်ပေ။ အပျိုမြှေးရှိမှ အပျိုစစ်သည်ဟူသော အယူအဆများ၏ လွှမ်းမိုးမှုကြောင့် ဖြစ်သည်။

အမျိုးသမီးများ၏ ခန္ဓာဗေဒတည်ဆောက်ပုံအရ သားမွေးလမ်းကြောင်းအဝတွင် အမြှေးပါးတစ်ခု ရှိသည်။ ဆေးပညာတွင် Hymen ဟု ခေါ်သည်။ ဟိုက်မင် Hymen တွင် အပေါက်ငယ်တစ်ပေါက် သို့မဟုတ် တစ်ပေါက်ထက် ပို၍ပါသည်။ အရွယ်ရောက်ချိန် မီးယပ်သွေးပေါ်သော အခါ သွေးယိုထွက်နိုင်ရန် ဖြစ်သည်။

ပထမဦးဆုံးအကြိမ် လိင်ဆက်ဆံမှု ပြုသောအခါ Hymen ပေါက်ပြဲသွားလေ့ရှိသည်။ Hymen ပေါက်ပြဲ၍ သွေးအနည်းငယ်ထွက်သည်။ ရှေးခေတ်က လူငယ်တချို့သည် ထွက်သောသွေးကို အိပ်ရာခင်း သို့မဟုတ် အဝတ်ဖြူတစ်ခု၌ စွန်းထင်းစေပြီး မင်္ဂလာဆောင်ပြီး နောက်နေ့တွင် သူငယ်ချင်းများအား ဂုဏ်ယူပြသတတ်သည့် သာဓကများ ရှိသည်။ ဤသည်ကို အခြေခံကာ Hymen ဟိုက်မင်ကို **အပျိုမြှေး** ဟု ဘာသာပြန်ဆို သုံးနှုန်းလာခဲ့ကြသည်။

> သာမန်အမျိုးသားများအဖို့
> ဆေးပညာဗဟုသုတ
> မပြည့်ဝကြသောအခါ
> ပထမအကြိမ် ဆက်ဆံရာ၌
> သွေးမထွက်လျှင်
> အပျိုမစစ်ဟူ၍ ဇနီးမယားအပေါ်
> သံသယဝင်လေ့ရှိသည်။
> အပြစ်ရှာတတ်ကြသည်။
> ထိုအချက်ကို ကျွန်ုပ်တော်က
> မတရားဟု
> ဆိုလိုခြင်းဖြစ်ပါသည်။



သာမန်အမျိုးသားများအဖို့ ဆေးပညာဗဟုသုတ မပြည့်ဝကြသော အခါ ပထမအကြိမ် ဆက်ဆံရာ၌ သွေးမထွက်လျှင် အပျိုမစစ်ဟူ၍ ဇနီးမယားအပေါ် သံသယဝင်တော့သည်။ အပြစ်ရှာတတ်ကြသည်။ ထို အချက်ကို ကျွန်တော်က မတရားဟု ဆိုလိုခြင်းဖြစ်ပါသည်။

အမျိုးသမီးတချို့မှာ အဖိုဆိုလျှင် ယင်ဖိုတောင် သန်းခဲ့ဖူးသူ မဟုတ်ပေ။ သို့သော် ဟိုက်မင် ခေါ် အပျိုမြှေးမှာ အပျိုစင်စစ် ဖြစ်ငြား သော်လည်း ပျက်ယွင်းနေကောင်းနေနိုင်သည်။ စက်ဘီးစီးခြင်း၊ အား ကစားလုပ်ခြင်း၊ မိမိဖာသာ ဆန္ဒဖြေဖျောက်ခြင်း၊ လိုအပ်ရာ ကျန်းမာရေး စစ်ဆေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း စသည်တို့ကြောင့် ဟိုက်မင် ပျက်ယွင်းသွားနိုင်ပါသည်။

ထို့ကြောင့် ဟိုက်မင်ရှိမှ အပျိုစစ်တာလား ဟူသောမေးခွန်းကို ကိုယ်တိုင်ဖြေနိုင်ကြမည် ထင်ပါသည်။ အချုပ်အားဖြင့် ဆိုရသော် ဟိုက်မင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အပျိုစင်စစ် ဧကန်ဖြစ်နိုင်ပါကြောင်း အမျိုးသားများ သိစေအပ်ပါသည်။

# လိင်အင်္ဂါထိပ်အရေပြားဖြတ်တောက်ခြင်း

အမျိုးသားများ၏ လိင်အင်္ဂါထိပ်အရေပြား ခွဲစိတ်ဖြတ်တောက်ခြင်းကို Circumcision ဟု ခေါ်သည်။ ယခုဆွေးနွေးမည်မှာ ဆေးပညာရှုထောင့်သက်သက်မှ သုံးသပ်ရှုမြင်ချက်များသာ ဖြစ်သည်။ ဘာသာရေးနှင့် အခြားအကြောင်းခြင်းရာများနှင့် ဆက်နွှယ်တင်ပြ ဆွေးနွေးမည် မဟုတ်ပါ။

"ဆေးပညာသဘောအရ အမျိုးသားတစ်ဦးအတွက် လိင်အင်္ဂါထိပ်အရေပြားကို ဖြတ်တောက်သင့်ပါသလား" ဟု မေးမြန်းလိုပါသည်။ စာဖတ်သူများ ဖြေကြည့်ပါ။ ဤဆောင်းပါးကို ဆက်မဖတ်သေးမီ ဖော်ပြပါမေးခွန်းကို "သင့်ပါသည်" Yes ဟု ဖြေမည်လော။ သို့တည်းမဟုတ် "မသင့်ပါ" No ဟု ဖြေမည်လော။ သင်၏အဖြေစာရွက်မှာ ရေးချမှတ်သားထားပါ။ သို့မဟုတ် စိတ်၌ တေးမှတ်ပေးထားပါ။ ပြီးလျှင် ဆောင်းပါးကို ဆက်ဖတ်ကြည့်ပါဦး။

လိင်အင်္ဂါထိပ်အရေပြားသည် မွေးကင်းစမှ အရွယ်အတော်ကြီးလာသော ကလေးငယ်ဘဝအထိ လိင်အင်္ဂါအား လုံခြုံစွာ ဖုံးပေးထားသည်။ အရွယ်ရောက်ချိန်နှင့် နောက်ပိုင်းကာလတွင် အရေပြားမှာ အနည်းငယ် နောက်ဆုတ်သွားပြီး အင်္ဂါထိပ်ပိုင်းမှာ ပွင့်နေသကဲ့သို့ ရှိသည်။

# YES! NO!

ခြင်းချက်အနေဖြင့် အရွယ်ရောက်ပြီး အမျိုးသားတချို့၌ လိင်အင်္ဂါထိပ် အရေပြားသည် လိင်အင်္ဂါကို ဖုံးကွယ်ထားဆဲ၊ ငုံထားဆဲ ဖြစ်သည်။ ပြင်ပတွင် ''အငုံ'' ဟု သုံးနှုန်းခေါ်ဆိုသည်။

မည်သို့ပင်ဖြစ်စေ အင်္ဂါအရေပြားကို နောက်သို့ အလွယ်တကူ ဆွဲလှန်၍ ရနိုင်ကြသည်။ အရေပြားကို ဆွဲလှန်၍ လိင်အင်္ဂါထိပ်ပိုင်းကို ဆေးကြော သန့်စင်နိုင်သည်။ တချို့အမျိုးသားများတွင် အရေပြားထိပ်ဝ ကျဉ်းနေသဖြင့် နောက်သို့ ဆွဲလှန်မရ ဖြစ်နေတတ်သည်။ တချို့တွင် ဆီးသွားရာ၌ အခက်အခဲ ကြုံရသည်။ ဆီးသွားရာတွင် ဆီးကောင်းစွာ မထွက်နိုင်ဘဲ အရေပြားထိပ်၌ ဆီးများ စုနေတတ်သည်။ ထို့အပြင် မကြာခဏ ပိုးမွှားဝင်ရောက်စွဲကပ်ခံရတတ်သည်။

လိင်အင်္ဂါအရေပြား ရှည်၍ ထိပ်ပိုင်းအား လုံးဝဖုံးနေလျှင် ''အငုံ''

> လိင်အင်္ဂါထိပ်အရေပြားသည် မျက်စိအား ဖုံးအုပ်ပေးနိုင်သော မျက်ခွံနှင့် အလားသဏ္ဌာန် တူသည်ဟု ဆိုပါသည်။ မျက်ခွံ၏ လုပ်ငန်းကဲ့သို့ ထမ်းဆောင်ပေးနိုင်သည်။ လိင်အင်္ဂါအား ထိခိုက်အက်ရာရခြင်းမှ ကာကွယ်ပေးသည်။

Phimosis ဟု ဆေးပညာအရ သုံးနှုန်းသည်။ မတော်တဆ အရေပြားကို အတင်းအကျပ် ဆွဲလှန်မိ၍ ပြန်လည်ဆွဲချမရဘဲ လိင်အင်္ဂါထိပ်ပိုင်းအား သားရေကွင်းသဖွယ် ညှစ်ထားသလို ဖြစ်လျှင် Paraphimosis ဟု ခေါ်သည်။

ဆေးပညာအရ ဆီးလမ်းကြောင်းပြဿနာများ (ဥပမာ–ဆီးကောင်းစွာ သွားမရခြင်း၊ ဆီးသွားရာတွင် ခက်ခဲခြင်း၊ နာကျင်ခြင်း၊ ပူလောင်သကဲ့သို့ ခံစားရခြင်း၊ ပိုးဝင်ရောက်ခံရခြင်း) ကြုံတွေ့ရလျှင် လိင်အင်္ဂါထိပ်အရေပြားကို ခွဲစိတ်ဖြတ်တောက်ရန် လိုအပ်မည်ဖြစ်သည်။ အလွယ်တကူ သန့်ရှင်းရေးဆောင်ရွက်နိုင်မည်လည်း ဖြစ်သည်။ လိင်အင်္ဂါထိပ်အရေပြား ဖြတ်တောက်ခြင်းဖြင့် ကင်ဆာရောဂါ အပါအဝင် ဆီးလမ်းကြောင်းပြဿနာများ လျော့နည်းသွားကြောင်း တွေ့ရသည်။ လိင်အင်္ဂါထိပ် အရေပြားဖြတ်ထားသူ အမျိုးသားနှင့် ဆက်ဆံသောအမျိုးသမီးများအဖို့လည်း သားအိမ်လည်တံ (သားအိမ်ခေါင်း)ကင်ဆာ ဖြစ်ပွားမှုအခွင့်အလမ်း လျော့နည်းသွားသည်ဟု ဆိုပါသည်။

နောက်ဆုံးတွေ့ရှိသော သုတေသနတစ်ခုကမူ လိင်အင်္ဂါထိပ်အရေပြားဖြတ်တောက်ခြင်းသည် HIV ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ရာရောက်ပြီး ခုခံအားကျဆင်းမှုရောဂါ ဖြစ်ပေါ်မှုကို လျော့နည်းစေသည်ဟု ဖော်ထုတ်တင်ပြလိုက်သည်။ လိင်အင်္ဂါထိပ်အရေပြားသည် HIV ဗိုင်းရပ်စ်ပိုးများ အလွယ်တကူ ဝင်ရောက်စေနိုင်ကြောင်း တွေ့ရှိရသည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့သည်။ HIV/AIDS ရောဂါကာကွယ်ရေးအတွက် လိင်အင်္ဂါထိပ်အရေပြား ဖြတ်တောက်ခြင်းမှာ အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

လိင်အင်္ဂါထိပ်အရေပြားကို ဖြတ်တောက်ခြင်းအား သဘောမတူလက်မခံသော ဆေးပညာရှင်များလည်း ရှိပါသည်။ အရေပြားအား အလွယ်တကူ နောက်သို့ဆွဲလှန်၍ရလျှင်၊ တစ်ကိုယ်တော်သန့်ရှင်းရေးဆောင်ရွက်နိုင်သဖြင့် ဖြတ်တောက်ရန် မလိုအပ်ဟု ဆိုသည်။ ခန္ဓာကိုယ်၏

အင်္ဂါအစိတ်အပိုင်းအားလုံးသည် လုပ်ငန်းတာဝန်အသီးသီး ရှိကြသည်။ တာဝန်မဲ့သောပစ္စည်းဟူ၍ မရှိပေ။ လိင်အင်္ဂါထိပ်အရေပြားသည် မျက်စိအား ဖုံးအုပ်ပေးနိုင်သော မျက်ခွံနှင့် အလားသဏ္ဍာန်တူသည်ဟု ဆိုပါသည်။ မျက်ခွံ၏ လုပ်ငန်းကဲ့သို့ စွမ်းဆောင်ပေးနိုင်သည်။ လိင်အင်္ဂါအား ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ပေးသည်။ လိင်အင်္ဂါအား ခြောက်သွေ့မှုမှလည်း ကာကွယ်ပေးနိုင်သေးသည်။ လိင်အင်္ဂါထိပ်အရေပြား၌ အာရုံကြောစွန်းများ (နာဗ့်ကြောစွန်းများ Nerve Endings or Recaptors) ရှိ၍ အာရုံခံစားနိုင်မှု ကောင်းသည်။ လိင်ဆက်ဆံရာ၌ ဆန္ဒပြည့်ဝပြီးမြောက်မှုအတွက် အထောက်အကူဖြစ်စေသည်။

ဆရာဝန်ကြီးတစ်ဦးက ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းအားလုံးကို အမှန်တကယ်လိုအပ်မှ (ရောဂါဘယဖြစ်မှ)သာ ခွဲစိတ်ဖြတ်ထုတ်သင့်သည်။ သို့မဟုတ်လျှင် သဘာဝတရားကို ဖျက်ဆီးရန်မသင့်ဟု မိန့်ကြားဖူးသည်။ အင်္ဂါအစိတ်အပိုင်းအားလုံးကို မူလအတိုင်း ထားရှိသင့်သည်။ "ရောဂါဘယကြောင့် လိုအပ်လျှင် ဖြတ်ပါ၊ သို့မဟုတ်လျှင် ဒီအတိုင်းထားပါ"ဟု လမ်းညွှန်ခဲ့သည်။

သုတေသနပညာရှင်များက လိင်အင်္ဂါထိပ်အရေပြား ဖြတ်ထားလျှင် HIV ဗိုင်းရပ်စ် ကူးစက်ရန် အခွင့်အလမ်း လျော့နည်းသွားသည်ဟု ထုတ်ဖော်ခဲ့သည်။ ဤအချက်ကို နားလည်မှုလွဲကာ (ခုတုံးလုပ်ကာ၊ အခွင့်ကောင်းယူကာ) "ငါသည် လိင်အင်္ဂါထိပ်အရေပြား ဖြတ်ထားသူဖြစ်သည်။ HIV ကူးတော့မည်မဟုတ်"ဟူ၍ လိင်ဆက်ဆံမှုကို မဆင်မခြင်ပြုမိကြနိုင်သည်။ ကွန်ဒုံးမသုံးဘဲ ဆက်ဆံကောင်းဆက်ဆံမည်။ ဆက်ဆံဖော် တစ်ဦးထက် ပိုထားကောင်းထားမည်။ အပျော်အပါးလိုက်စားကောင်း လိုက်စားမည်။ HIV ကူးစက်နိုင်မည့် အပြုအမူများကို မလေးမစားလုပ်လာမည်။ အတင့်ရဲလာမည်ဆိုပါလျှင် ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရာမရောက်ဘဲ ပို၍ပင် အားပေးရာရောက်သွားနိုင်သည်။